(ဏ) စီမံကိန်းလုပ်ငန်း၏ ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အတွင်း စစ်ဆေးကြပ်မတ်ခြင်းများဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့ဝင် (၄)ဦးဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(တ) အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းအား ဝမ်ပေါ့နှင့် တာကြန့်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးမှုရလဒ်များအား ဖော်ပြထားကြောင်း၊

(ထ) အကြိုတည်ဆောက်ခြင်းနှင့် တည်ဆောက်ခြင်းကာလနှင့် လုပ်ငန်းလည်ပတ်ခြင်းကာလ စသည့်အချိန်တို့တွင် ဖြစ်ပေါ်နိုင်သော လေထုညစ်ညမ်းမှုအခြေအနေပေါ်မူတည်၍ (၆)လတစ်ကြိမ် တိုင်းတာစစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆူညံသံနှင့် တုန်ခါမှုများအား စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည်ဖြစ်ကြောင်း၊ စွန့်ပစ်ရည်များအား တစ်ပတ် (၁)ကြိမ်၊ မြေအောက်ရေအား သုံးလ (၁) ကြိမ် စောင့်ကြပ်ကြည့်ရှု စစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် လုပ်ကွက်တွင်းစိမ့်ရေနှင့် လုပ်ကွက်ဘေးရှိ ချောင်းရေအား သုံးလ (၁)ကြိမ် ဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးမည်ဖြစ်ကြောင်း၊

(ဒ) ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုလျော့ချမည့်လုပ်ငန်းစဉ်များနှင့် ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများအပေါ် စောင့်ကြပ်ကြည့်ရှုမည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းအား ဖွဲ့စည်းထားကြောင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေလျာထားကြောင်းနှင့် မလုံလောက်ပါက ရန်ပုံငွေများ ထပ်မံဖြည့်တင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၃။ ဟိန်းကောင်းဆက်ကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၊ တာကြန့်ကျေးရွာအုပ်စုဒေသရှိ (၂၀)ဧကတွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်ကိုက်ညီပါကြောင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ထိခိုက်မှုလျော့ချရေး အစီအစဉ်များကို တိကျစွာအကောင်အထည်ဖော်ဆောင်ရွက်ပါက ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ထိခိုက်မှုများလျော့ချနိုင်မည်ဖြစ်သဖြင့် အတည်ပြုထုတ်ပြန်နိုင်သည့် အစီရင်ခံစာဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ဟိန်းကောင်းဆက်ကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၊ တာကြန့်ကျေးရွာအုပ်စုဒေသရှိ (၂၀)ဧကတွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အတည်ပြုနိုင်ပါကြောင်းနှင့် အတည်ပြုပြန်ကြားရာတွင် အောက်ဖော်ပြပါ အချက်များအား အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြန်ကြားနိုင်ရေးအပေါ် လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည် -

(က) စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် စီမံကိန်းအဆိုပြုသူကိုယ်တိုင်ဖြစ်စေ၊ စီမံကိန်းကိုယ်စားလုပ်ငန်းဆောင်ရွက်သော သို့မဟုတ် စီမံကိန်းအဆိုပြုသူက ခန့်အပ်၊ ငှားရမ်း၊ လုပ်ပိုင်ခွင့်ပေးအပ်ထားသော ကန်ထရိုက်တာများ၊ လက်ခွဲကန်ထရိုက်တာများ၊ အရာရှိများ၊ (လုပ်သား) ဝန်ထမ်းများ၊ ကိုယ်စားလှယ်များ၊ ကိုယ်စားပြုသူများနှင့် အကြံပေးပုဂ္ဂိုလ်များကဖြစ်စေပြုလုပ်သော သို့မဟုတ် ပျက်ကွက်သော လုပ်ငန်းများ အားလုံးအတွက်လည်းကောင်း၊ ဆိုးကျိုးထိခိုက်မှုအားလုံးအတွက် လည်းကောင်း